# မြန်မာနိုင်ငံလုံးဆိုင်ရာ အလုပ်သမား သမဂ္ဂများအဖွဲ့ချုပ်

တာဝန်သိမှု နှင့် အခွင့်အရေး

အမှတ်(၃၈၄)၊
ကုန်းဘောင်လမ်း၊
(၁၅) ရပ်ကွက်၊
အရှေ့ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၉ ၄၅၀ ၃၀၂ ၀၆၉


စာအမှတ်။ ။ CTUM/အဖခ၊ ရအဖ၊ ၂၀၁၉ (၀၀၃)။

ရက်စွဲ။ ။ ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ (၀၇) ရက်။

သို့

ဦးသိန်းဆွေ

ပြည်ထောင်စုဝန်ကြီး

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန

နေပြည်တော်

အကြောင်းအရာ။ **<u>။ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့များတွင်ပါဝင်မည့် အဖွဲ့ဝင် ကိုယ်စားလှယ်များ ရွေးချယ်ရေး လုပ်ထုံးလုပ်နည်းများ (မူကြမ်း) နှင့် ပါတ်သက်၍ သဘောထား ပေးပို့ခြင်း။</u>**

လေးစားအပ်ပါသော ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ ခင်ဗျား

အထက်ပါအကြောင်းအရာပါကိစ္စရပ်နှင့် ပါတ်သက်၍ ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ (၁၈) ရက်နေ့တွင် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးမျိုးအောင်၊ ဒုတိယ အမြဲတမ်းအတွင်းဝန် ဦးမောင်မောင်သန်း၊ အလုပ်ရုံနှင့် အလုပ်သမား ဥပဒေ စိစစ်ရေးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးညွှန့်ဝင်း၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်ဌေးဝင်း၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးတင်ကိုကိုနိုင်၊ လူမှုဖူလုံရေးဘုတ်အဖွဲ့မှ ညွှန်ကြားရေးမှူးချုပ် ဦးတင်ကိုကို တို့နှင့် တွေ့ဆုံဆွေးနွေးမှုပြုလုပ်ခဲ့ပါသည်။

အစည်းအဝေးတွင် CTUM အနေဖြင့် တင်ပြသည်မှာ "အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့များ ဖွဲ့စည်းရာတွင် မြို့နယ်အဆင့် ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့ ရွေးချယ်မည်ဆိုပါက သက်ဆိုင်ရာ မြို့နယ်များအတွင်းရှိ အလုပ်သမား အဖွဲ့အစည်းအဖြစ် အသိအမှတ်ပြုပုံစံ(၇)ရရှိပြီးသည့် အခြေခံအဖွဲ့အစည်းများမှ အဖွဲ့ဝင်များသာလျှင် အရွေး ကောက်ခံပိုင်ခွင့်၊ အမည်စာရင်းတင်သွင်းခွင့်နှင့် ဆန္ဒမဲပေးပိုင်ခွင့် ရရှိသင့်ကြောင်း၊ တိုင်းဒေသကြီး / ပြည်နယ်အဆင့်ခုံသမာဓိအဖွဲ့ ရွေးချယ်မည်ဆိုပါက သက်ဆိုင်ရာ တိုင်းဒေသကြီး ပြည်နယ်များရှိ အလုပ်သမား အဖွဲ့အစည်းအဖြစ် အသိအမှတ်ပြု ပုံစံ(၇) ရရှိပြီးသည့် မြို့နယ်အဆင့် အလုပ်သမား အဖွဲ့ အစည်း၏ အဖွဲ့ဝင် များသာလျှင် အရွေးကောက်ခံပိုင်ခွင့်၊ အမည်စာရင်းတင်သွင်းခွင့်နှင့် ဆန္ဒမဲပေးပိုင်ခွင့်ရရှိသင့်ကြောင်းနှင့် နိုင်ငံ အဆင့် ခုံသမာဓိကောင်စီ ရွေးချယ်မည်ဆိုပါကလည်း မြန်မာနိုင်ငံအတွင်းရှိ အလုပ်သမားအဖွဲ့အစည်းအဖြစ် အသိအမှတ်ပြုလက်မှတ် ပုံစံ(၇)ရရှိပြီးသည့် တိုင်းဒေသကြီး/ ပြည်နယ်အဆင့် အဖွဲ့အစည်းများ၊ လုပ်ငန်း ကဏ္ဍအဖွဲ့ချုပ်များ၊ နိုင်ငံလုံးဆိုင်ရာအဆင့် အဖွဲ့ချုပ်များသာလျှင် အရွေးကောက်ခံပိုင်ခွင့်၊ အမည်စာရင်း တင်သွင်းခွင့်နှင့် ဆန္ဒမဲပေးပိုင်ခွင့် ရရှိသင့်ကြောင်း" တင်ပြဆွေးနွေးပါသည်။

အမြဲတမ်းအတွင်းဝန် ဦးမျိုးအောင်မှ ပြန်လည်ဆွေးနွေးသည်မှာ ဝန်ကြီးဌာနအနေဖြင့် မူကြမ်းရေးဆွဲ ဆွေးနွေးစဥ်ကတည်းက စုဖွဲ့မှု ပုံသဏ္ဍာန်အား တိုင်းဒေသကြီး/ ပြည်နယ်များအားလုံး၏ စုဖွဲ့မှု အားသာချက် အားနည်းချက်တို့ကို လွှမ်းခြုံနိုင်ရန်အတွက် ရေးဆွဲထားခြင်းဖြစ်ကြောင်း ပြန်လည်ဆွေးနွေးပါသည်။

ထို့ကြောင့် မိမိတို့CTUM အနေဖြင့် အဖွဲ့ဝင်များနှင့် ပြန်လည်တင်ပြဆွေးနွေးပြီး ဆွေးနွေးမှုရလာဒ် များကို အောက်ပါအတိုင်းပေးပို့အပ်ပါသည်။

<u>**အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့များ**သည်</u> တိုင်းဒေသကြီး ပြည်နယ်များ အားလုံးကို လွှမ်းခြုံနိုင်ရန် ဆိုသည် အားသဘောတူညီပါသည်။ သို့သော်လည်း

**က။** ပူးတွဲပေးပို့ပါသောဇယားများကိုကြည့်ပါလျင် တိုင်းဒေသကြီး (၈)တိုင်းတွင် တိုင်းအဆင့်မရရှိသေးသည်မှာ တသ်ာရီတိုင်းဒေသကြီး နှင့် နေပြည်တော်တိုင်းဒေသကြီး (၂) တိုင်းသာဖြစ်ပါသည်။

ပြည်နယ် (၇) ခုတွင် ပြည်နယ်(၄)ခု (ရှမ်းပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်) တို့သည် ပြည်နယ်အဆင့် အသိအမှတ်ပြုလက်မှတ် ပုံစံ (၇) ရရှိထားပြီး ဖြစ်ပါသည်။

ချင်းပြည်နယ်သည် တိုင်းရရှိရန် လျှောက်လွှာတင်ထားသည်မှာ (၇)လကျော်ပြီ ဖြစ်ပါသည်။ (မြို့နယ်များ အားနည်းချက်ဖြစ်ပါသည်။)

ကချင်ပြည်နယ်တွင် မြို့နယ် (၂)ခုမှာ ပြည်နယ်အဆင့် မှတ်ပုံတင်လျှောက်ထားရန် ဆွေးနွေးပြီး ဖြစ်ပါသည်။

ကယားပြည်နယ်တစ်ခုတည်းသာလျင် အခြေခံ အလုပ်သမား အဖွဲ့အစည်းများ မရှိသေးခြင်း ဖြစ်ပါသည်။

**ခ။** အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ အသိအမှတ်ပြုလက်မှတ် ပုံစံ (၇) ထုတ် ပေးထားသည့် အလုပ်သမားအဖွဲ့အစည်းများကိုလေ့လာပါက အများစုသည် စိုက်ပျိုးရေးကဏ္ဍမှ အဖွဲ့အစည်းများ ဖြစ်သောကြောင့် အငြင်းပွားမှု ဖြေရှင်းရေး ယန္တယားတွင် ဖြေရှင်းပေးရခြင်း နည်းပါးလွန်း ကြောင်းတွေ့ရပါမည်။

စာရင်းများအရ သယ်ယူပို့ဆောင်ရေးကဏ္ဍ၊ ဆောက်လုပ်ရေးကဏ္ဍ၊ စက်မှုကုန်ထုတ်ကဏ္ဍ၊ ပညာရေး ဝန်ဆောင်မှုကဏ္ဍ၊ သတ္တုတွင်းကဏ္ဍများရှိ အလုပ်သမားများအတွက်ဖြေရှင်းပေးရခြင်းသည် အများစုဖြစ်ကြ ပါသည်။ အငြင်းပွားမှုရေးရာကိစ္စရပ်များ အများစုသည် အလုပ်ရှင်များနှင့် တိုက်ရိုက် အလုပ်လုပ်ကိုင်နေသည့် ပုဂ္ဂလိကကဏ္ဍမှ စက်ရုံအလုပ်ရုံများရှိသည့် ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး နှင့် စစ်ကိုင်းတိုင်းဒေသကြီးများအတွင်းသာ ဖြစ်ပွားနေပါသည်။

ထို့ကြောင့်အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့များဖွဲ့စည်းရာတွင် **အခြေခံအဆင့် အလုပ်သမားအဖွဲ့ အစည်း အဖြစ် အသိအမှတ်ပြုလက်မှတ်ပုံစံ(၇) ရရှိပြီးသောအဖွဲ့များမှ အဖွဲ့ဝင်များသည်** မြို့နယ်အဆင့် ညှိနှိုင်းဖျန်ဖြေ ရေးအဖွဲ့တွင် သာ အရွေးကောက်ခံပိုင်ခွင့်၊ အမည်စာရင်းတင်သွင်းပိုင်ခွင့်နှင့် ဆန္ဒမဲပေးပိုင်ခွင့် ရရှိသင့်ပါသည်။

**မြို့နယ်အဆင့် အလုပ်သမားအဖွဲ့ အစည်းအဖြစ်အသိ အမှတ်ပြုလက်မှတ်ပုံစံ(၇) ရရှိပြီးသောအဖွဲ့များမှ အဖွဲ့ဝင်များသည်** ခုံသမာဓိအလုပ်သမားကိုယ်စားလှယ်အဖွဲ့တွင်သာ အရွေးကောက်ခံပိုင်ခွင့်၊ အမည်စာရင်း တင်သွင်းပိုင်ခွင့်နှင့် ဆန္ဒမဲပေးပိုင်ခွင့် ရရှိသင့်ပါသည်။

**တိုင်း/ပြည်နယ်နှင့် အဖွဲ့ချုပ်အဆင့် အလုပ်သမားအဖွဲ့ အစည်းအဖြစ်အသိ အမှတ်ပြုလက်မှတ်ပုံစံ(၇) ရရှိပြီးသောအဖွဲ့များမှ အဖွဲ့ဝင်များသည်** ခုံသမာဓိကောင်စီအလုပ်သမားကိုယ်စားလှယ်အဖွဲ့တွင်သာ အရွေးကောက်ခံပိုင်ခွင့်၊ အမည်စာရင်း တင်သွင်းပိုင်ခွင့်နှင့် ဆန္ဒမဲပေးပိုင်ခွင့် ရရှိသင့်ပါသည်။

အကယ်၍ ၄င်းတိုင်းဒေသကြီး ပြည်နယ်များတွင် မြို့နယ်အဆင့်အလုပ်သမားအဖွဲ့အစည်းအဖြစ်အသိအမှတ်ပြုလက်မှတ် ပုံစံ (၇) ရရှိထားသည့် အဖွဲ့အစည်းများ မရှိမှသာလျှင် (ဥပမာ- ကယားပြည်နယ်) ကဲ့သို့သောနေရာတွင်သာ ထူးခြားဖြစ်စဉ်အဖြစ် အခြေခံအဆင့် အလုပ်သမားများ၊ အဖွဲ့အစည်းများသည်တိုင်းဒေသကြီး ပြည်နယ်အဆင့် ခုံသမာဓိအဖွဲ့တွင်လည်းကောင်း၊ နိုင်ငံအဆင့် ခုံသမာဓိ ကောင်စီတွင် လည်းကောင်း အရွေးကောက်ခံပိုင်ခွင့်၊ အမည်စာရင်းတင်သွင်း ပိုင်ခွင့်နှင့်ဆန္ဒမဲပေးပိုင်ခွင့် ရရှိသင့်ကြောင်း လေးစားစွာဖြင့် တင်ပြအပ်ပါသည်။

လေးစားစွာဖြင့်

မောင်မောင်

ဥက္ကဋ္ဌ

မိတ္တူ

(၁) ဦးမျိုးအောင် - အမြဲတမ်းအတွင်းဝန်
အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန

(၂) CTUM ဗဟိုကော်မတီအဖွဲ့ဝင်များ။

(၃) ရုံးလက်ခံ။